စကားပြောကြေးနန်း(နေပြည်တော်)
ရုံး ၀၆၇ - ၃၄၁၁၁၄၈
၀၆၇ - ၃၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

## သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်သူသင်တန်းအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်း၊ရန်ကုန်တွင် ဖွင့်လှစ်ပို့ချမည့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်သူ (၆)လသင်တန်းသို့ အောက်ပါ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း လျှောက်လွှာခေါ်ယူပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲကို (ဓါတုဗေဒ၊ရူပဗေဒ၊ ဇီဝဗေဒ)ဘာသာဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)နှစ်ထက်မကျော်သူ ဖြစ်ရမည်။

(ဃ) သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားရန် မလိုပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) လျှောက်လွှာမူရင်းတစ်စောင်

(ခ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတစ်စောင်စီ

(ဂ) လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထားသော ပါတ်စ်ပို့အရွယ်ရောင်စုံဓါတ်ပုံ(၃)ပုံ

(ဃ) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်းဆေးထောက်ခံစာမူရင်း

(င) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၏ ထောက်ခံစာ (မူရင်း) တစ်စောင်

၄။ လျှောက်လွှာပိတ်ရက် **(၁၁ - ၁ -၂၀၁၉)**

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ရစာရင်းနှင့် ဖြေဆိုရမည့်ရက်ကို**(၂၄-၁-၂၀၁၉)** ရက်နေ့တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်သည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင်(မြန်မာစာ/အင်္ဂလိပ်စာ/အထွေထွေဗဟုသုတ)ပါဝင်သော (၃)နာရီ မေးခွန်းလွှာဖြင့် စစ်ဆေးမည်ဖြစ်သည်။

၇။ လျှောက်လွှာကို **ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်သို့** လိပ်မူ၍ လျှောက်ထားရမည်။လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိသည့်လျှောက်လွှာများ၊မပြည့်စုံသည့်လျှောက်လွှာများကိုလုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ သင်တန်းတက်ခွင့်ရပါက တက္ကသိုလ်/ကောလိပ် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ထောက်ခံစာမူရင်းကို ရွေးချယ်ခံရပြီးကျောင်းဝင်ခွင့် လာအပ်သည့်အခါ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်နေစဉ် ကာလအတွင်းမည်သည့် လက်မှတ်ရ သင်တန်းမဆို လုံးဝ တက်ခွင့်မပြုပါ။)

၉။ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website www.hrh.gov.mm နှင့် Facebook Page www.facebook.com/pg/HRHMOHS တွင် ကြေညာထားမည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် **၀၆၇၃-၄၁၁၁၄၇၊ ၀၆၇၃-၄၁၁၃၆၅ နှင့် ၀၆၇၃ ၄၁၁၁၄၈/၄၉ လိုင်းခွဲ-၈၀၇ ၊ ၈၁၀** သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်သည်။